ပျော်ဘွယ်မြို့

ရွှေညောင်ဖူးရွာ

ရေကြည်တော် တောရကျောင်း

ဆရာတော် စီစဉ်သော

# ဘာသာရေးအခြေခံသင်တန်း

## ပဉ္စမဆင့်နှင့် ဒုတိယဆင့်

၃

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈ ၁၉၇၇-ခုနှစ်

ဦး ဆိုက်ကျဝေ ၂/၃

နောင်ချိုကျောင်းဆရာတော်

နောင်ချိုရွာ

ပျော်ဘွယ်မြို့ ပျော်ဘွယ်မြို့နယ်

ရွှေညောင်ဖူးရွာ ကောင်း ဖျူ

ရေကြည်တော် တောရကျောင်း

ဆရာတော် စီစဉ်သော

# ဘာသာရေးအခြေခံသင်တန်း

## ပဉ္စမဆင့်နှင့် ဒုတိယဆင့်

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန၊ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၂၀ ကောဇာ ၁၃၃၈ ၁၉၇၇-ခုနှစ်

ထုတ်ဝေသူ။ ။မန္တလေးတိုင်း မေမြို့ ရတနာမာန်အောင်
ကျောင်း ဦးပညာသီဟ မှတ်ပုံတင်ကင်းလွတ်
ခွင့်အမှတ်-(၁၃၇၅၄)

ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက် အမှတ် (၈၄၅၀)

ရန်ကုန်မြို့ ကမ္ဘာအေးသာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်တွင်
ညွှန်ကြားရေးမှူး ဦးဝင်းဖေ မှတ်ပုံတင်အမှတ်(၀၂၁၈၀)က
ပုံနှိပ်သည်။

# ဘာသာရေး အခြေခံသင်တန်း

## ပဉ္စမဆင့်

---

### ထောမနာသီသ

မဟာကရုဏာသခင် ရှင်တော် မြတ်ဘုရား၏ ကြီးမားသန့်စင် ကရုဏာစွမ်းအင်ကြောင့် များဖြင် ဗိုလ်ပါ သတ္တဝါတို့ ကရုဏာပင်ရင်း အေးရိပ်တွင်းသို့ ချဉ်းကပ်နိုင်ကြပါစေသောဝ်။

### ကန်တော့ခန်း

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော သုံးပါးသောကံ တို့တွင် တပါးပါးသောကံ ဖြင့် ပြစ်မှားမိသည်ရှိသော် ထိုအပြစ်တို့ကို ပျောက်ပါစေခြင်း အကျိုးငှါ ပဌမ ဒုတိယ တတိယ တကြိမ် နှစ်ကြိမ် သုံးကြိမ်မြောက်အောင် ဘုရားရတနာ, တရားရတနာ, သံဃာ ရတနာ ရတနာမြတ်သုံးပါးအပေါင်းတို့ကို ဘုရားတပည့်တော် ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

### ဆုတောင်းခန်း

ကန်တော့ရသော အကျိုးအားကြောင့် အပါယ်လေးပါး ကပ်သုံးပါး ရပ်ပြစ်ရှစ်ပါး ရန်သူမျိုး ငါးပါး ဝိပတ္တိတရား

လေးပါး ဗျာသနတရား ငါးပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်ဖြစ်၍ အဆုံးဘဝ နောင်ကာလ၌ မဂ်တရား ဖိုလ်တရား နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို ရပါလို၏ အရှင်ဘုရား။

## သီလတောင်း ပါဠိ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ အဟံ ဘန္တေ
တတိယမ္ပိ အဟံ ဘန္တေ } အထက်နည်းအတိုင်းဆို။

## ဘုရားရှိခိုး ပါဠိ

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက်ဆို)

## သရဏဂုံယူပုံ ပါဠိ

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ } အထက်နည်းအတိုင်းဆို။

## ငါးပါးသီလသိက္ခာပုဒ် ဆောက်တည်ပုံ-ပါဠိ

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ ကာမေသု မိစ္ဆာစာရာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

## သီလတောင်း အနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊ တကွ။ ပဉ္စသီလံ၊ ငါးပါးသီလဟုဆိုအပ်သော။ ဓမ္မံ၊ သိက္ခာငါးပါး ကျင့်တရားကို။ ယာစာမိ၊ တောင်းပန်ပါ၏။

ဘန္တေ၊အရှင်ဘုရား။ မေ၊ တပည့်တော်အား။ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ပြု၍။ သီလံ၊သီလကို။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ } အထက်နည်းအတိုင်း။
တတိယမ္ပိ၊သုံးကြိမ်မြောက်လည်း။ }

## ဘုရားရှိခိုး အနက်

အရဟတော၊ လူနတ်ဗြဟ္မာ သတ္တဝါခပင်းတို့ ဝပ်စင်းကော်ရော် ပူဇော်အထူးကို ခံတော်မူထိုက်[illegible]ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ မဖောက်မပြန် ကိုယ်တော်တိုင်သာ သစ္စာလေးပါး မြတ်တရားကို ပိုင်းခြားထင်ထင် သိမြင်တော်မူပေထသော။ တဿ ဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ နမော၊ ရှိခိုးပါ၏။

## သရဏဂုံယူပုံ အနက်

ဗုဒ္ဓံ မြတ်စွာဘုရားကို။ သရဏံ= သရဏံဣတိ၊ ဒုက္ခ ကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာတည်ရာ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

ဓမ္မံ၊ မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန် ပရိယတ် အမြတ်ကယ်ဘော် တရားတော်ကို။ သရဏံ=သရဏံဣတိ၊ ဒုက္ခ ကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ တည်ရာ ကိုးကွယ်ရာ ဟူ၍။ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

သံဃံ၊ ကလျာဏပုထုဇဉ်နှင့်တကွ ရှစ်ပါးအရိယာ သံဃာတော်အပေါင်းကို။ သရဏံ =သရဏံဣတိ၊ ဒုက္ခကင်းပျောက် ချမ်းသာရောက်ဖို့ ထောက်ရာ တည်ရာ ကိုးကွယ်ရာ ဟူ၍၊ ဂစ္ဆာမိ၊ ဆည်းကပ်ပါ၏။

| | | |
|---|---|---|
| ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ | } | အထက်နည်း |
| တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ | } | အတိုင်းဆို။ |

## ငါးပါးသီလ ဆောက်တည်ပုံ အနက်

၁။ ပါဏာတိပါတာ၊ သူ့အသက်ကို သတ်ခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ လွတ်ကင်းလေအောင် ဝေးစွာရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစုကုသိုလ်မှုကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူ ဆောက်တည်ပါ၏။

၂။ အဒိန္နာဒါနာ၊ အရှင်မပေးသောသူ၏ဥစ္စာကိုခိုးယူခြင်းမှ။ ဝေရမဏီ သိက္ခာပဒံ၊ လွတ် ကင်း လေ အောင်

ဝေးစွာ ရှောင်ခြင်းတည်း ဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို။ သမာဒိယာမိ၊ ကောင်း စွာခံယူ ဆောက်တည်ပါ၏။

၃။ ကာမေသု မိစ္ဆာစာရာ၊မသွားလာအပ်သော ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ မှားယွင်းစွာ ပြုကျင့်ခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊(ပ)ကို။သမာဒိယာမိ၊(ပ)၏။

၄။ မုသာဝါဒါ၊ ချွတ်ယွင်းဖောက်ပြန် မမှန်စကားကို ပြော ဆိုခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ (ပ)ကို။ သမာဒိ-ယာမိ၊ (ပ) ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မူးယစ်မေ့လျော့ခြင်း ၏ အကြောင်းဖြစ်သော သေအရက်ကို သောက် စားခြင်းမှ။ ဝေရမဏီသိက္ခာပဒံ၊ လွတ်ကင်း လေ အောင် ဝေးစွာ ရှောင်ခြင်း တည်းဟူသော သိက္ခာပဒ သီလအစု ကုသိုလ်မှုကို။ သမာဒိယာမိ၊ ကောင်းစွာ ခံယူဆောက်တည်ပါ၏။

## ငါးပါးသီလသိက္ခာပုဒ်များ အကျိုးအပြစ်ပြ လင်္ကာ

၁။ ပါဏာတိပါတ်၊ သူ့သက် သတ်က၊ ချိုတတ်အင်္ဂါ၊ မွဲပြာရုပ်သွင်၊ အားအင်ယိုယွင်း၊လျင်ခြင်းလည်းဝေး၊ ဘေးကို ကြောက်တတ်၊ အသတ်ခံရ၊ အနာများလျက်၊ ခြွေရံပျက်၍၊ အသက်တိုရှာ၊ ပြစ်များစွာသည်။ ရှောင်ကာအပြန် အကျိုး တည်း။

၂။ အဒိန္နာဒါ၊ ခိုးမိပါမူ၊ ဥစ္စာနည်းမွဲ၊ ဆင်းရဲတော်ဘိ၊ လိုရှိ မရ၊ဘောဂပျက်စီး၊ ရေ-မီး-သူခိုး၊ မွေခံဆိုးနှင့်၊မင်းဆိုးအပြား၊

ရန်မျိုးငါးကြောင့်၊ ပျက်ပြားဥစ္စာ၊ ဖြစ်များစွာသည်။ ရှောင်ကာ အပြန် အကျိုးတည်း။

၃။ မိစ္ဆာစာရ၊ လွန်ကျူးကလည်း၊ မုန်းကြသူများ၊ ရန်သူပွါး၍၊ ရှားပါးလာဘ်တိတ်၊ ချမ်းသာဆိတ်၍၊ ဣတ္ထိပဏ္ဍုက်၊ မျိုးယုတ်ခါခါ၊ မျက်နှာမလှ၊ အရှက်ရလျက်၊ လက္ခဏာဣန္ဒြေ၊ ယွင်းသွေ ချို့သိမ်၊ စိုးရိမ်များစွာ၊ ချစ်သူကွာသည်။ ရှောင်ကာအပြန် အကျိုးတည်း။

၄။ မုသားစကား၊ ပြောဆိုငြားမူ၊ စကားမပီ၊ သွားမညီတည်း၊ ပုပ်ညှီပါးစပ်၊ ခြောက်ကပ်ကိုယ်ရေ၊ ဣန္ဒြေနောက်၊ ပုံယွင်းဖောက်၍၊ မရောက်သြဇာ၊ နှုတ်လျှာကြမ်းထော်၊ လျှပ်ပေါ်လော်လည်၊ စိတ်မတည်သည်၊ ရှောင်မည်အပြန် အကျိုးတည်း။

၅။ သေရည်သေရက်လင့်၊ သင့်မသင့်၍၊ ရေးခွင့်မသိ၊ ပျင်းရိမေ့ရှူး၊ ကျေးဇူးမဆပ်၊ ဟိရောတ္တပ်ကင်း၊ ခပင်းများထို၊ အကုသိုလ်ကို၊ မငြိုလွယ်စွာ၊ ပြုကျင့်ရာသည်။ ရှောင်ကာအပြန် အကျိုးတည်း။

---

## ဘုရားဂုဏ်တော် ၉-ပါး ပါဠိ

ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရော ပုရိသဒမ္မသာရထိ သတ္ထာ ဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါ။

## ဘုရားဂုဏ်တော် ၉-ပါး အနက်

၁။ သော ဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာ စ ကာရဏေန၊ ဤသို့ ခပ်သိမ်းသော ကိလေသာတို့မှ ဝေးတော်

မှုသော အကြောင်းကြောင့်လည်း။ အရဟံ၊အရဟ မည်တော်မူ၏။

၂။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ဤသို့ဉေယျဓမ်တရား ငါးပါးတို့ကို မဖောက်မပြန် သယမ္ဘူဉာဏ်ဖြင့် အလိုလို ကိုယ်တော်တိုင်သာ သိတော်မူသောအကြောင်းကြောင့်လည်း။သမ္မာသမ္ဗုဒ္ဓေါ၊သမ္မာသမ္ဗုဒ္ဓ မည်တော်မူ၏။

၃။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ ဝိဇ္ဇာသုံးပါး ဝိဇ္ဇာရှစ်ပါး စရဏ တဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော အကြောင်းကြောင့်လည်း။ ဝိဇ္ဇာစရဏသမ္ပန္နော၊ ဝိဇ္ဇာစရဏသမ္ပန္န မည်တော်မူ၏။

၄။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ ကောင်းသော စကားကို ဆိုတော် မူတတ်သောအကြောင်းကြောင့်လည်း။ သုဂတော၊သုဂတ မည်တော်မူ၏။

၅။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ လောကသုံးပါးတို့ကို အကြွင်းမရှိ သိတော်မူသော အကြောင်းကြောင့်လည်း။ လောကဝိဒူ ၊ လောကဝိဒူ မည်တော်မူ၏။

၆။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ လူယောကျ်ား, နတ်ယောကျ်ား, တိရစ္ဆာန်ယောကျ်ားတို့ကို ဆုံးမတော်မူတတ်သော အကြောင်းကြောင့်

လည်း။ အနုတ္တရော ပုရိသဒမ္မသာရထိ၊ အနုတ္တရော ပုရိသဒမ္မ-သာရထိ မည်တော်မူ၏။

၇။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ နတ်လူတို့၏ ဆရာ ဖြစ်တော် မူသော အကြောင်းကြောင့်လည်း။ သတ္ထာ ဒေဝမနုဿာနံ၊ သတ္ထာ ဒေဝမနုဿာန မည်တော်မူ၏။

၈။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ သစ္စာလေးပါးတရားတို့ကို ကိုယ်တော်တိုင် လည်း သိ, ဝေနေယျတို့ကိုလည်း သိစေတော် မူတတ်သော အကြောင်းကြောင့်လည်း။ ဗုဒ္ဓေါ၊ ဗုဒ္ဓ မည်တော်မူ၏။

၉။ သော ဘဂဝါ၊ထိုမြတ်စွာဘုရားသည်။ဣတိပိ-ဣမိနာစ ကာရဏေန၊ ဤသို့ ဘုန်းတော်ခြောက်ပါး ရှိတော်မူသော အကြောင်းကြောင့်လည်း။ ဘဂဝါ၊ ဘဂဝါ မည်တော်မူ၏။

ဣတိ၊ ဤသို့။ နဝဂုဏေဟိ၊ ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

---

## တရားဂုဏ်တော် ၆-ပါး ပါဠိ

သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိကော
အကာလိကော ဧဟိ ပဿိကော ဩပနေယျိကော
ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ။

## တရားဂုဏ်တော် ၆-ပါး အနက်

ဘဂဝတာ၊ မြတ်စွာဘုရား ဓမ္မော၊ တရားတော်မြတ်

၁။ သွာက္ခာတော၊ အပါယ်လေးဝ ဝဋ္ဋဒုက္ခမှ ထမြောက် ငြိမ်းကြောင်းဖြစ်၍ ကောင်းစွာ ဟောတော်မူအပ်သော တရားတော်ဖြစ်ပေစွတကား။

၂။ သန္ဒိဋ္ဌိကော၊ အတ္တ ပရ ကျိုးနှစ်ဝကို မုချကြွခိုင် ပြီးစေနိုင်၍ ကိုယ်တိုင်ရှုထိုက်သော တရားတော် ဖြစ်ပေစွ-တကား။

၃။ အကာလိကော၊ အခါမလင့် ကျိုးပေးခွင့်ကို အသင့် ဖြစ်စေနိုင်သော တရားတော်ဖြစ်ပေစွတကား။

၄။ ဧဟိပဿိကော၊ စင်ကြယ်စွာဘိ ထင်ရှားရှိ၍ လာ လှည့်ခုသာ ကြည့်စမ်းပါဟု ကောင်းစွာပြထိုက်သော တရား တော် ဖြစ်ပေစွတကား။

၅။ ဩပနေယျိကော၊ အပါယ်လေးဝ ဝဋ္ဋဒုက္ခမှ မုချ ထုတ်ဆောင်တတ်သော တရားတော် ဖြစ်ပေစွတကား။

၆။ ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ၊ ပညာရှိတို့ မိမိကိုယ်၌ ခံစားထိုက်သော တရားတော် ဖြစ်ပေစွတကား။

ဣတိ၊ ဤသို့။ ဆဂုဏေဟိ၊ ခြောက်ပါးသောဂုဏ်တော် တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ ဓမ္မံ၊ တရားတော် မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

## သံဃဂုဏ်တော် ၉-ပါး ပါဠိ

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊ ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌ ပုရိသပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော အာဟုနေယျော ပါဟုနေယျော ဒက္ခိဏေယျော အဉ္ဇလိကရဏီယော အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

## သံဃဂုဏ်တော် ၉-ပါး အနက်

ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သံဃာတော်သည်—

၁။ သုပ္ပဋိပန္နော၊ ကောင်းမြတ်မှန်စွာ ကျင့်သိက္ခာကို မညှာသက်ပြတ် ကျင့်သုံးတတ်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၂။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်မတ်မှန်စွာ ကျင့်သိက္ခာကို မညှာသက်ပြတ် ကျင့်သုံးတတ်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၃။ ဉာယပ္ပဋိပန္နော၊ အသင့်မှန်စွာ ကျင့်သိက္ခာကို မညှာသက်ပြတ် ကျင့်သုံးတတ်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၄။ သာမီစိပ္ပဋိပန္နော၊ အလျော်မှန်စွာ ကျင့်သိက္ခာကို မညှာသက်ပြတ် ကျင့်သုံးတတ်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၅။ အာဟုနေယျော၊ ဆောင်၍လှူအပ် ပစ္စည်းရပ်ကို ဆက်ပြတ်မညှာ ကျင့်သိက္ခာကြောင့် ကောင်းစွာခံထိုက်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၆။ ပါဟုနေယျော၊ ဧည့်သည်တို့အား ရည်၍ထားအပ် ပစ္စည်းရပ်ကို သက်ပြတ်မညှာ ကျင့်သိက္ခာကြောင့် ကောင်းစွာခံထိုက်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၇။ ဒက္ခိဏေယျော၊တမလွန်ကို ရည်သန်လှူအပ် ပစ္စည်းရပ်ကို သက်ပြတ်မညှာ ကျင့်သိက္ခာကြောင့် ကောင်းစွာခံထိုက်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၈။ အဉ္ဇလိကရဏီယော၊ အကျင့်မြတ်ဖြင့် ချီအပ်သော လက်အုပ်ကို ကောင်းစွာခံတော်မူထိုက်သော တပည့်သံဃာတော် ဖြစ်ပေစွတကား။

၉။ အနုတ္တရံ ပုညက္ခေတ္တံ၊ တုမဲ့လွှမ်းမိုး ကုသိုလ်မျိုးကို စိုက်ပျိုးကြဲရာ လယ်ယာမြေကောင်းသဘွယ် ဖြစ်ပေစွတကား။

ဣတိ၊ ဤသို့။ နဝဂုဏေဟိ။ ကိုးပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ သံဃံ၊ သံဃာတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

---

## မေတ္တာပို့

၁။ ဆရာမိဘ အနန္တဂုဏ်ရှင်တွေ—
ကျန်းမာ ချမ်းသာကြပါစေ။
ကြံတိုင်းအောင် ဆောင်တိုင်း မြောက်ကြပါစေ။

ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကြောင့်ကြခပ်သိမ်း ကင်းငြိမ်းကြပါစေ။
ကိုယ်စိတ်နှစ်ဖြာ၊ လွန်ချမ်းသာ၊ မကွာနေ့ည မြဲကြပါစေ။

၂။ ချစ်သူမုန်းသူ လျစ်လျူရှုသူတွေ–
၃။ အားလုံး အရိယာအရှင်တွေ–
၄။ အားလုံး သံဃာတော်အပေါင်းတွေ–
၅။ အားလုံး နတ်ဗြဟ္မာအပေါင်းတွေ–
၆။ အားလုံး လူအပေါင်းတွေ–
၇။ အားလုံး သတ္တဝါအပေါင်းတွေ–
ကျန်းမာ ချမ်းသာကြပါစေ။

(ရှေ့သို့ ဆက်ဆိုပါ။)

---

## တိပိဋကဓရ ဆရာတော်၏
## မေတ္တာသုတ်လာ
## မေတ္တာဘာဝနာ ပွါးများနည်း

### သဗ္ဗသင်္ဂဟ မေတ္တာ

အလုံးစုံသော သတ္တဝါတို့ကို ပေါင်း၍ (ခြုံ၍) ပို့သသော မေတ္တာပွါးနည်း ၁-ပါး။

(၁) ခပ်သိမ်းများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

ဘေးရန်ပယ်ရှင်း၊စိုးရိမ်ကင်း၊ဆင်းရဲမရှိဖြစ်ပါစေ။

## တိကမေတ္တာ

### သတ္တဝါတို့ကို သုံးပုံထား၍ ပို့သသော
### မေတ္တာပွါးနည်း ၃-ပါး

(၂) ကြီးငယ် အလတ်၊သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဘေးရန် ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ
ဖြစ်ပါစေ။

(၃) ရှည် တို အလတ်၊သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဘေးရန် ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ
ဖြစ်ပါစေ။

(၄) ဆူ ကြုံ အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ
ဖြစ်ပါစေ။

## ဒုက မေတ္တာ

### သတ္တဝါတို့ကို နှစ်ပုံထား၍ ပို့သသော
### မေတ္တာပွါးနည်း ၄-ပါး

(၅) မြင်ဘူး မမြင်ဘူး၊ နှစ်ဦးများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန် ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ
ဖြစ်ပါစေ။

(၆) ဝေးနေ နီးနေ၊နှစ်ထွေများစွာ၊သတ္တဝါ၊ချမ်းသာ
ကိုယ်စိတ် မြဲပါစေ။
ဘေးရန် ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ
ဖြစ်ပါစေ။

(၇) ဘဝဇာတ်သိမ်း၊ ခပ်သိမ်းများစွာ၊ သတ္တဝါ၊
ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန် ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ
ဖြစ်ပါစေ။

(၈) ကြောက်တတ် မကြောက်တတ်၊ နှစ်ရပ်များစွာ၊
သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။
ဘေးရန်ပယ်ရှင်း၊ စိုးရိမ်ကင်း၊ ဆင်းရဲမရှိ
ဖြစ်ပါစေ။

ဤ ရှစ်ပါးသော မေတ္တာပွါးနည်းတို့သည် ဟိတူပသံဟာရ မေတ္တာ=သတ္တဝါတို့၏ အကျိုးစီးပွါးကို လိုလား၍ ပွါးသသော မေတ္တာ ပွါးနည်းများ ဖြစ်၏။

**အမှာ။** ။ပြဆိုလတ္တံ့သော သရုပ်တို့တွင် ကန်တော့ကျိုး ဆုတောင်းရာ၌ ကပ်သုံးပါး စသော သရုပ်များနှင့် ဘုရားဂုဏ်တော်များ အနက်တွင် ဥဒေယျမ်တရား ငါးပါး စသော သရုပ်များကို ပါဠိအမည်နှင့် မြန်မာ အဓိပ္ပါယ် တွဲပြထားရာ ကလေးသူငယ်များ အဖို့ မြန်မာအဓိပ္ပါယ်ကို အရကျက်ရန် မဟုတ်ပါ။ အဓိပ္ပါယ် သိလိုသော သူတေသီများအတွက်သာဖြစ်၍ ကလေး သူငယ်များ အတွက် ပါဠိသရုပ်သာ ကျက်ရန်ဖြစ် ပါသည်။

## အပါယ် လေးပါး

၁။ ငရဲ၊ ၂။ တိရစ္ဆာန်၊
၃။ ပြိတ္တာ၊ ၄။ အသုရကာယ်။

## ကပ် သုံးပါး

၁။ သတ္ထန္တရကပ်=လက်နက်ဘေးဖြင့် ပျက်စီးရခြင်း၊

၂။ ရောဂန္တရကပ်= ပလိပ် ကျောက် ဝမ်း အဖျားကြီး စသောရောဂါဖြင့် မွှိုနယ်အနံ့ ဖြစ်၍ ပျက်စီးရခြင်း၊

၃။ ဒုဗ္ဘိက္ခန္တရကပ်=မွှိုနယ် အနံ့အပြားတို့၌ အစားအသောက် တော်ပြတ်၍ သေရခြင်း။

## ရပ်ပြစ် ရှစ်ပါး

၁။ ငရဲ၊
၂။ တိရစ္ဆာန်၊
၃။ ပြိတ္တာ၊
၄။ အသညသတ်၊
၅။ ပစ္စန္တရစ်သား လူရိုင်းများ၊
၆။ မိစ္ဆာဒိဋ္ဌိ၊
၇။ ဉာဏ်မရှိသူ၊
၈။ ဘုရား မပွင့်သောအခါ (ဉာဏ်ရှိငြားလည်း)လူဖြစ်သူများ။

ဆောင်။ ။ဘုရားပွင့်ခါ၊ ပါယ်သုံးရွာနှင့်၊ ဒီဃာယုနတ်၊ ဖြစ်လတ် ပစ္စန်၊ မိစ္ဆာဉာဏ်ရှိ၊ ဉာဏ်မရှိသား၊

ဉာဏ်ရှိငြားလည်း၊ ဘုရားမဖြစ်၊ ကျမ်းဂန်လွစ်
သည်၊ ရုပ်ပြစ်ရှစ်ပါး သရုပ်တည်း။

ရန်သူမျိုး ငါးပါး

၁။ ရေ၊ ၂။ မီး၊ ၃။ မင်း၊
၄။ ခိုးသူ၊ ၅။ အမွေခံဆိုး။

ဆောင်။ ။ရေ မီး သူခိုး၊ မွေခံဆိုးနှင့်၊ မင်းမျိုးအပြား၊
ရန်မျိုးငါး၊ မှတ်သားလေကွဲ့ အမှန်တဲ့။

ဝိပတ္တိတရား လေးပါး

၁။ ကာလဝိပတ္တိ=လူအများ တရားပျက်သောအခါ၊
၂။ ဂတိဝိပတ္တိ=အပါယ်လေးပါးတို့၌ ဖြစ်ခြင်း၊
၃။ ဥပဓိဝိပတ္တိ=ရုပ်အဆင်း အင်္ဂါချို့တဲ့ခြင်း၊
၄။ ပယောဂဝိပတ္တိ=အသိ အလိမ္မာ သတိ ဝီရိယ
ကင်းသော ကိုယ်နှုတ်ပယောဂ။

ဆောင်။ ။ဖောက်ပြန် ချွတ်ယွင်း၊ပျက်စီးခြင်း၊ ခေါ်လျှင်း
ဝိပတ္တိ။

ကာလ ဂတိ၊ ဥပဓိမှ၊ ပယောဂ၊ လေးဝ
မှတ်လေဘိ။

ဗျသနတရား ငါးပါး

၁။ ဉာတိ ဗျသန=ဆွေမျိုးများ ပျက်စီးခြင်း၊
၂။ ဘောဂဗျသန=စည်းစိမ် ဥစ္စာ ပျက်စီးခြင်း၊
၃။ ရောဂဗျသန= အနာရောဂါဖြစ်ခြင်း၊
၄။ ဒိဋ္ဌိ ဗျသန=မိစ္ဆာအယူကို ယူခြင်း၊
၅။ သီလ ဗျသန=သီလပျက်စီးခြင်း။

ဆောင်။ ။ဆိုးရှုံးပျက်ပြား၊ ပြစ်မှုများ၊ ခေါ်ငြားဗျသန။ ဉာတိ, ဘောဂ၊ ရောဂ, ဒိဋ္ဌိ, သီလထည့်၊ ငါးရှိ သရုပ်ပြ။

ဉေယျဓမ်တရား ငါးပါး

၁။ သင်္ခါရ=စိတ် စေတသိက်ဟူသော နာမ်တရားနှင့် နိပ္ဖန္န ရုပ်များ၊

၂။ ဝိကာရ=ဝိကာရရုပ် ငါးပါး၊

၃။ လက္ခဏာ=လက္ခဏာရုပ် လေးပါး၊

၄။ ပညတ် = လူ, နတ်,ဗြဟ္မာ,ဆင်,မြင်း, ကျွဲ,နွား, တော, တောင်, ရေ,မြေ စသော ပညတ်များ၊

၅။ နိဗ္ဗာန်=ရုပ် နာမ် ပညတ်မှတပါး ငြိမ်းအေးသော ခေတ်ကြီးတမျိုး။

(ဤ ငါးပါးမှ တပါး သိဘွယ်ရာ မရှိပြီ။ ဝိကာရနှင့် လက္ခဏာကို ရုပ်ခြင်းတူပါလျက် ခွဲထားသည်မှာ ပရမတ် အစစ် မဟုတ်သောကြောင့်တည်း။)

ဝိဇ္ဇာသုံးပါး

၁။ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်=ရှေးရှေးဘဝဌ် တွေ့ကြုံခဲ့သမျှ ပြန်၍ အောက်မေ့နိုင်သော ဉာဏ်၊

၂။ ဒိဗ္ဗစက္ခုဉာဏ်=နတ်မျက်စိကဲ့သို့ ဝေးကွာသော အဆင်း, သေးငယ်သော အဆင်းကို မြင်နိုင်သောဉာဏ်၊

၃။ အာသဝက္ခယဉာဏ်=ကိလေသာအာသဝေါကို ကုန်စေနိုင်သော အရဟတ္တမဂ်ဉာဏ်။

## ဝိဇ္ဇာရှစ်ပါး

(၁) (၂) (၃) ရှေ့ဉာဏ်သုံးပါးတွင် (၄) ဝိပဿနာဉာဏ်၊
(၅) စေတောပရိယဉာဏ်၊ (၆) မနောမယိဒ္ဓိဉာဏ်၊
(၇) ဒိဗ္ဗသောတဉာဏ်၊ (၈) ဣဒ္ဓိဝိဓဉာဏ်၊
ဤဉာဏ်ငါးပါးကို ထည့်လျှင် ဝိဇ္ဇာ ၈-ပါးဖြစ်၏။

## စရဏ ၁၅-ပါး ဆောင်ပုဒ်

သဒ္ဓါ,သတိ၊ဟိရီ,ဩတ္တပ္ပ၊ ဝီရိယနှင့်၊ သုတ,ပညာ၊ခုနှစ်ဖြာ၊ သဒ္ဓမ္မာဟု ပြ။

ထိုသဒ္ဓမ္မာ၊ ခုနှစ်ဖြာနှင့်၊ ဈာန ဇာ သီ ဣန်၊ ဈာန်လေး ကြိမ်ထား၊ ဤဆဲ့ငါး၊ မှတ်သား စရဏ။

(ဝိဇ္ဇာရှစ်ပါးနှင့် စရဏ တဆဲ့ငါးပါး အကျယ်ကို ရတနာ့ဂုဏ်ရည်မှာ ရှု။)

## လောကသုံးပါး

၁။ သတ္တလောက=အသက်ရှိသော သတ္တဝါအပေါင်း၊
၂။ ဩကာသလောက=သတ္တဝါတို့၏ တည်နေရာဌာန၊
၃။ သင်္ခါရလောက=ရုပ်တရား နာမ်တရား အားလုံး။

## သစ္စာလေးပါး

၁။ ဒုက္ခသစ္စာ=ဆင်းရဲအမှန် (လောကီစိတ်-၈၁၊ လောဘကြဉ် စေတသိက်-၅၁၊ ရုပ်-၂၈။)

၂။ သမုဒယသစ္စာ=ဆင်းရဲကြောင်း အမှန် လောဘခေါ် တဏှာ၊
၃၊ နိရောဓသစ္စာ=ဆင်းရဲချုပ်ရာ ကုန်ဆုံးရာအမှန်(နိဗ္ဗာန်)၊
၄၊ မဂ္ဂသစ္စာ=နိဗ္ဗာန်ရောက်ကြောင်း အကျင့်အမှန် (မဂ္ဂင် ရှစ်ပါး)။

## ဘုန်းတော်ခြောက်ပါး

(၁) ဣဿရိယဘုန်းတော်၊ (၂) ဓမ္မဘုန်းတော်၊
(၃) ယသဘုန်းတော်၊ (၄) သိရီဘုန်းတော်၊
(၅) ကာမဘုန်းတော်၊ (၆) ပယတ္တဘုန်းတော်။

ဘုန်းတော်ခြောက်ပါးအကျယ်ကို သိလိုလျှင် ရတနာ့ဂုဏ်ရည်ကျမ်းစာမှာ ရှု)

ပြဆိုခဲ့သော ငါးပါးသီလအပြစ်နှင့် အကျိုးပြ လင်္ကာကို စဉ်ဆက်ကျက်မှတ်ရန် အဓိပ္ပါယ်ကို (ကြားညှပ်၍)မပြသေးဘဲ ချန်ထားခဲ့သည်၊ ယခု ပြဆိုလတ္တံ့သော ၎င်းလင်္ကာများ၏ အဓိပ္ပါယ်ကို အရကျက်ရန်မဟုတ် ကြည့်ရှုရန်သာ ဖြစ်ပါသည်။

အဓိပ္ပါယ် အရေးအသားမည်သည်မှာ လိုအပ်သောစကား များ ပြည့်စုံအောင် ရေးသားရပေသည်။ ယင်းသို့ ရေးသား ထားသော်လည်း ကြည့်ရှုသောအခါ မိမိတို့ ရထားသော လင်္ကာစကားရပ်များနှင့် အဓိပ္ပါယ်ပြထားပုံကို တိုက်ဆိုင်၍ လင်္ကာသွား၏ အဓိပ္ပါယ်အရကို လိုရင်းလောက်နားလည်လျှင် ပြီးနိုင်ပါသည်။

အဓိပ္ပါယ် ပြထားသော စကားသွား အတိုင်း ကျက်နေရလျှင် လူပင်ပန်း၍ ဆုတ်နစ်မည်ကို စိုးရိမ်ရပါသည်။

## ကြည့်ရှုရန် အဓိပ္ပါယ်

**ပါဏာတိပါတ ပြုလျက် သူ့ အသက်ကို သတ်လို့ ရှိက—**

၁။ မျက်စိ နား နှာ အင်္ဂါခြေလက် ချွတ်ယွင်းတတ်ခြင်း၊

၂။ ဖြစ်ရာဘဝ၌ ရုပ်အသွင် မွဲပြာခြောက်ညှိုး၍ စိုစိုပြေပြေ မရှိတတ်ခြင်း၊

၃။ အားအင်ယိုယွင်းခြင်း (အားနည်းခြင်း)၊

၄။ လျင်မြန် ဖျတ်လတ်မှု ကင်းဝေးခြင်း၊

၅။ ဘေးရန်ပေါ်ပေါက်လျှင် ကြောက်ရွံ့တတ်ခြင်း၊

၆။ သူတပါး အသတ်ကို ခံရခြင်း, ကိုယ်ကိုယ်တိုင်လည်း အဆိပ်စသည် စားမိလျက် သေရတတ်ခြင်း၊

၇။ အနာရောဂါ များခြင်း၊

၈။ အခြွေအရံ ပျက်စီးခြင်း၊

၉။ အသက်တိုတတ်ခြင်း။ ဤသို့စသည်ဖြင့် အပြစ်တွေ့များလှ လေသည်။

။ပြခဲ့သော အပြစ်တို့မှာ ဝဋ်လိုက်သော အနေအားဖြင့် ဖြစ်လေရာဘဝ၌ ရတတ်သော အဖျားအနား အပြစ်များတည်း၊ ထိုအပြစ်များအပြင် ငရဲ၌ ကျရခြင်း စသော ကြီးလေးသော အပြစ်များလည်း ရှိသေး၏။

## ရှောင်က အပြန် အကျိုးတည်း

ရှောင်ကြဉ်လို့ရှိက ဤအပြစ်တွေမှ ပြန်၍ (၁) ကိုယ် လက်အင်္ဂါ ပြည့်စုံခြင်း၊ (၂) အရုပ်အဆင်း စိုပြေလှပခြင်း၊

လျှင်မြန်သွက်လက်ခြင်း၊ (၄) ဘေးရန်ကို မကြောက်ခြင်း၊ (၅) သူတပါးလက်ချက်ဖြင့် အသက်မသေရခြင်း၊ (၆) အနာရောဂါကင်းခြင်း၊ (၇) အခြွေအရံ မပျက်စီးခြင်း၊ (၈) အသက်ရှည်ခြင်း စသော အကျိုးများကို ရရှိနိုင်လေသည်။

အဒိန္နာဒါနကို ပြုကျင့်မိသူသည် —

(၁) မွဲတတ်ခြင်း၊ (၂) ဆင်းရဲတတ်ခြင်း၊ (၃) ငတ်မွတ်ခြင်း၊ (၄) အလိုရှိသောအရာကို မရနိုင်ခြင်း၊ (၅) ကုန်သန်းရောင်းဝယ်ရေး မတတ်မှု စသည်တို့ကြောင့် စည်းစိမ်များပျက်စီးတတ်ခြင်း၊ (၆) ရေ, မီး, သူခိုး, အမွေခံသားသမီးဆိုး, မင်းဆိုးဟူသော ရန်သူမျိုး ငါးပါး၏ ဖျက်ဆီးမှုကြောင့် ဥစ္စာပျက်ရခြင်း။ ဤမကောင်းကျိုးများကို ရတတ်၏။

မူရင်းအပြစ်။ ။ဤပြဆိုခဲ့သော အပြစ်တို့ကား ဝဋ်လိုက်သော အနေအားဖြင့် ဖြစ်လေရာ ဘဝ၌ ရတတ်သော အပြစ်များတည်း။ ထိုအပြစ်များထက် ကြီးလေးသော ငရဲ, ပြိတ္တာဘုံတို့၌လည်း ဖြစ်တတ်သည်သာ။

## ရှောင်က အပြန် အကျိုးတည်း

ရှောင်ကြဉ်လျှင် ဤအပြစ်မျိုးမှ လွတ်ကင်း၍ "ဥစ္စာပေါခြင်း" စသော အပြန်အကျိုး ၆-ပါး စသည်တို့ကို ရရှိနိုင်၏။

ကာမေသုမိစ္ဆာစာရ အားကြီးသောသူ၌—

၁။ မလိုမုန်းထားသူ ပေါများခြင်း၊

၂။ မုန်းရှိသာမက ရန်သူလည်း များခြင်း၊

၃။ လာဘ်ပစ္စည်း ရှားပါးတိတ်ဆိတ်ခြင်း၊
၄။ ချမ်းသာ ကင်းဆိတ်ခြင်း၊
၅။ မိန်းမ ဖြစ်ရခြင်း၊
၆။ မိန်းမ မဟုတ် ယောကျ်ား မဟုတ် ပဏ္ဍုက် ဖြစ်ရခြင်း၊
၇။ ယောကျ်ားဖြစ်လျှင်လည်း အမျိုးယုတ်၌ ဖြစ်ရခြင်း၊
၈။ မျက်နှာပျက်၍ အရှက်ကွဲရခြင်း၊
၉။ အင်္ဂါလက္ခဏာ ဂုဏ်ခြေတို့ ယှင်းချွတ် သေးသိမ်တတ်ခြင်း၊
၁၀။ စိုးရိမ်ကြောင့်ကြ အားကြီးခြင်း၊
၁၁။ ချစ်သူနှင့် ကွေကွင်း ကွဲကွာရခြင်း။

**မှုရင်းအပြစ်။** ။ပြခဲ့သောအပြစ်တို့မှာ ဝဋ်လိုက်သောအား ဖြင့် ဖြစ်လေရာဘဝ၌ တွေ့ကြုံရတတ်သော အပြစ်များသာတည်း။ ထိုအပြစ်များထက် လွန်ကဲ၍ ငရဲ၌ လည်း ဖြစ်ကြရသေးသည်။

**ရှေးကမုသား အားကြီးသူသည်—**

၁။ ယခုဘဝ၌ စကားပီပီသသ မပြောတတ်ခြင်း၊
၂ သွားများ မညီမညွတ် ရှိခြင်း၊
၃ ခံတွင်း ပါးစပ် ပုပ်ညှီခြင်း၊
၄ ကိုယ် အရေ အသား ပူရှိန်ခြောက်ကပ်၍ စိုစိုဖပ်ဖပ် မရှိခြင်း၊
၅။ မျက်စိ, နားစသော ဂုဏ်ခြေများ နောက်ကျုကျု ရှိခြင်း၊
၆။ ပုံပန်းမလှဘဲ ဆိုးဝါးချွတ်ယွင်း ဖောက်ပြန်ခြင်း၊

၇ သူတပါးအပေါ် သြဇာအာဏာ မတည်ခြင်း၊

၈ အပြောအဆို နှုတ်လျှာများ ထော်လော် ကြမ်းတမ်း ရှိခြင်း၊

၉ စိတ်မတည်ဘဲ လျှပ်ပေါ် လော်လည်တတ်ခြင်း။ ဤသို့ စသည်ဖြင့် အပြစ်များ၏။

(မုသားပြောသူသည် အဘယ်ကိစ္စ၌မျှ မယုံကြည်ရသောကြောင့် အကြီးအကဲ မဖြစ်နိုင်။)

**မူရင်းအပြစ်။** ။ဤပြခဲ့သော အပြစ်တို့ကား ဝဋ်လိုက်သောအားဖြင့် ရောက်လေရာဘဝ၌ ရတတ်သော အပြစ်များတည်း။ တချို့ မုသားစကားမှာ ငရဲရောက်အောင် ပင် အပြစ်ကြီး၏။ အရှင်ဒေဝဒတ်သည် သံဃာအသင်းခွဲရာ၌ မုသားပြော၍ ခွဲရ၏။ ထိုမုသားကြောင့် အဝီစိငရဲသို့ ရောက်လေသည်။ ဤသို့လျှင် တချို့ မုသားများသည် ငရဲသို့ ပစ်ချနိုင်လောက်အောင် သတ္တိကြီးမားလေသည်။

**သေရည်အရက်ကို သောက်စားမိလျှင်—**

၁ အရေးအခွင့် သင့်/မသင့်ကို မသိတတ်ခြင်း၊

၂ ပျင်းရိတတ်ခြင်း၊

၃ မေ့လျော့ မူးယစ်တတ်ခြင်း၊ (နောက်ဘဝအဆက်ဆက်၌ အရူးအနှမ်းလည်း ဖြစ်ရတတ်ခြင်း၊)

၄ သူများ၏ ပြုဘူးသော ကျေးဇူးကို မသိတတ်ခြင်း၊

၅ ဟိရီ၊ သြတ္တပ္ပ ဟူသော အရှက်အကြောက်မှ ကင်းလွတ်ရခြင်း၊

၆။ သေရည် အရက် သောက်မိလျှင် မည်သည့်အကုသိုလ်မှ မရှောင်ကြဉ်ဘဲ မကောင်းမှုအလုံးစုံကို ပြုမိလွယ်ခြင်း။

ကာမေသု မိစ္ဆာစာရကဲ့သို့ ဤသေရည် အရက် သောက်မှုကို မိစ္ဆာစာရ တမျိုးဟု ကျမ်းဂန်တို့၌ ဆိုထားသည်။ ထို့ကြောင့် သေရည် အရက် သောက်ခြင်း၌ အပြစ်ရှိသည်မှာ သေချာပေပြီ။

(အကျိုးကို တိုက်ရိုက် မပြသော အချက်များ၌ အပြစ်ကို ပြန်လှန်စဉ်းစား၍ အကျိုးကို ကြံစည်မှတ်ယူပါ။)

## အာစာရ ကုလပုတ္တ သူတော်သီမျှားအတွက်

**ဆွမ်းကပ်။** ။ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တနှင့် ပြည့်စုံတော်မူသော မဟာကရုဏာသခင် ရှင်တော်မြတ်ဘုရားအား ဤမွန်မြတ်သော ဆွမ်းတော်ကို လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤသို့ ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံ စေတနာကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား။

**ရေချမ်းကပ်။** ။ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တနှင့် (အထက်အတိုင်း မဟာကရုဏာသခင်တိုင်အောင် ဆို) ရှင်တော်မြတ်ဘုရားအား ဤ ကြည်လင်သန့်ရှင်းသော သောက်တော်ရေကို လှူဒါန်းဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤသို့ဆက်

ကပ် လှူဒါန်းရသော (စသည်ကို အထက်နည်း အတိုင်း ဆိုပါ)။

ပန်းကပ်။ ။ဘုန်းတော်အနန္တ (စသည် ဆို) ရှင်တော်မြတ်ဘုရားအား ဤတင့်တယ်လှပသော ပန်းတော်ကို လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤသို့ ဆက်ကပ် လှူဒါန်းရသော (စသည် ဆက်ဆို။)

မီးကပ်။ ။ဘုန်းတော်အနန္တ (စသည် ဆို) ရှင်တော်မြတ်ဘုရားအား အမိုက် အမှောင်ကို ပယ်ဖျောက်၍ ထွန်းလင်းတောက်ပသော ဤဆီမီးကို (ဓာတ်မီးဖြစ်လျှင်-ဤဓာတ်မီးကို) လှူဒါန်း ဆက်ကပ်ပါ၏ အရှင်ဘုရား။ ဤသို့ဆက်ကပ်လှူဒါန်းရသော ကုသိုလ်ကံ စေတနာကြောင့် မဂ်ဖိုလ်နိဗ္ဗာန်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား။

အမျှဝေ။ ။ဤကောင်းမှု ကုသိုလ်၏အဘို့ကို မိဘ ဆရာ ဉာတကာမှစ၍ လုံးစုံများစွာ သတ္တဝါတို့အား အမျှ-အမျှ ပေးဝေသည် အကျွန်ုပ်နှင့် အတူတကွအမျှရ၍ချမ်းသာကြသည်ဖြစ်ပါစေသော်။

(ဤဆွမ်းကပ် စသည်များကို မေးခွန်းထုတ်ရန် မပြဋ္ဌာန်းပါ)။

ပဥ္စမဆင့် ပြီး၏။

## ဘာသာရေး အခြေခံသင်တန်း
## ဒုတိယဆင့်
## ရှစ်ပါးသီလ ခံယူပုံအစဉ်

လူများ – ဩကာသ (စသည်ဆို၍ ဆုတောင်း။)

ရဟန်းတော်–(လေ့လာ ရရှိတိုင်း ဆို၍ ဆုပေး။)

လူများ – အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာ-ဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယမ္ပိ (ပ) ⎫ အထက်နည်း အတိုင်း
တတိယမ္ပိ (ပ) ⎭ ဆက်၍ဆို။

(၎င်းကို များသောအားဖြင့် ဘုန်းကြီးက ချပေး၏ လူကရလျှင် မချစေဘဲဆို။)

ရဟန်း – ယမဟံ ဝဒါမိ တံ ဝဒေထ။

(တယောက်ထည်း အတွက် တံ ဝဒေဟိ-ဟု ဆို။)

လူများ – အာမ ဘန္တေ။

ရဟန်း – နမော တဿ ဘဂဝတော အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ။

လူများ – နမော တဿ ဘဂဝတော (စသည် သုံးခေါက်ဆို)။

ရဟန်း – ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

လူများ – (လိုက်ဆို)။

ရဟန်း – ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ (စသည်ချပေး။)
လူများ – (လိုက်ဆို)။
ရဟန်း – တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ (စသည်ချပေး။)
လူများ – (လိုက်ဆို)။
ရဟန်း – သရဏာဂမနံ ပရိပုဏ္ဏံ။
လူများ – အာမ ဘန္တေ။

(သိက္ခာပုဒ် ဆောက်တည်ရာ၌ ချပေး,လိုက်ဆိုဟု မှတ်ပါ။)

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
၂။ အဒိန္နာဒါနာ ။ ။
၃။ အဗြဟ္မစရိယာ ။ ။
၄။ မုသာဝါဒါ ။ ။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ။ ။
၆။ ဝိကာလဘောဇနာ ။ ။
၇။ နစ္စ ဂီတ ဝါဒိတ ဝိသုက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ။ ။
၈။ ဥစ္စာသယနမဟာသယနာ ဝေရမဏိ သိက္ခာပဒံ သမာဒိယာမိ။

ရဟန်း – တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ သာဓုကံ ကတွာ အပ္ပမာဒေန သမ္ပာဒေထ။
လူများ – အာမ ဘန္တေ။

## ရှစ်ပါးသီလ ခံယူပုံအနက်

ဘန္တေ၊ အရှင်ဘုရား။ အဟံ၊ တပည့်တော်သည်။ တိသရ-ဏေန၊ သရဏဂုံသုံးပါးနှင့်။ သဟ၊တက္ကွ။ အဋ္ဌင်္ဂသမန္နာဂတံ၊ ရှစ်ပါးသော အင်္ဂါနှင့်ပြည့်စုံသော။ ဥပေါသထသီလံ၊ ဥပုသ်သီလတည်းဟူသော။ ဓမ္မံ၊ သိက္ခာပုဒ်တရားတော်ကို။ ယာစာ-မိ၊ တောင်းပန်ပါ၏။

ဘန္တေ၊ အရှင်ဘုရား။ မေ၊ တပည့်တော်အား၊ အနုဂ္ဂဟံ၊ ချီးမြှောက်ခြင်းကို။ ကတွာ၊ ပြု၍။ သီလံ၊ သီလကို။ ဒေထ၊ ပေးတော်မူပါကုန်ဘုရား။

ဒုတိယမ္ပိ၊ နှစ်ကြိမ်မြောက်လည်း။ } အထက်ပါနည်း
တတိယမ္ပိ၊ သုံးကြိမ်မြောက်လည်း။ } အတိုင်း ဆို။

**သရဏဂုံ ယူပုံ ငါးပါးသီလအတိုင်း၊ သိက္ခာပုဒ် ဆောက်တည်ပုံအနက်၌ ထူးရာကိုသာ ရေးပြပါအံ့ –**

၁။ ပါဏာတိပါတာ၊ မှ။ ဝေရမဏိသိက္ခာပဒံ၊ ကို။ သမာဒိ-ယာမိ၊ ၏။

၂။ အဒိန္နာဒါနာ၊ မှ။ ဝေရမဏိသိက္ခာပဒံ၊ ကို။ သမာဒိ-ယာမိ၊ ၏။

၃။ အဗြဟ္မစရိယာ၊ မမြတ်သော မေထုန်အကျင့်မှ။ ဝေရ-မဏိသိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

၄။ မုသာဝါဒါ၊ မှ။ ဝေရမဏိသိက္ခာပဒံ၊ ကို။ သမာဒိ-ယာမိ၊ ၏။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ၊ မှ။ ဝေရမဏိသိက္ခာပဒံ၊
ကို။ သမာဒိယာမိ၊ ၏။

၆။ ဝိကာလဘောဇနာ၊ နေလွဲအခါ စားခြင်းမှ။ ဝေရမဏိ-
သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

၇။ နစ္စ- ဂီတ- ဝါဒိတ- ဝိသုက ဒဿနာ၊ ကခြင်း, သီခြင်း,
တီးမှုတ်ခြင်း၊ က, သီ, တီးမှုတ်ခြင်းငှါ စေခိုင်း
ခြင်း၊ ဘုရားအဆုံး အမတော်၏ ကြောင့်တံကျင်
သဘွယ်ဖြစ်သော ကြည့်ရှု နားထောင်ခြင်း၊
မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသ-
နဋ္ဌာနာ၊ ပန်းပန်ခြင်း, နံ့သာပျစ်ကို နိမ့်ရာအရပ်
သို့ ဖို့သိပ်ခြင်း, နံ့သာရည် နံ့သာမှုန့်တို့ကို
လိမ်းကျံခြယ်လှယ်ခြင်းမှ။ ဝေရမဏိသိက္ခာပဒံ၊
ကို။ သမာဒိယာမိ၊ ကောင်းစွာခံယူ ဆောက်
တည်ပါ၏။

၈။ ဥစ္စာသယန မဟာသယနာ၊ မြင့်သောနေရာ မြတ်သော
နေရာတို့၌ အိပ်စက်နေထိုင်ခြင်းမှ။ ဝေရမဏိ-
သိက္ခာပဒံ၊ ကို။ သမာဒိယာမိ၊ ၏။

## ဒုစရိုက် ၁၀-ပါး

## ကာယဒုစရိုက် ၃-ပါး

၁။ ပါဏာတိပါတ = သူ့အသက်သတ်မှု၊

၂။ အဒိန္နာဒါန = သူ့ဥစ္စာခိုးမှု၊

၃။ ကာမေသုမိစ္ဆာစာရ=ကာမဂုဏ်တို့၌ယုတ်မာစွာကျင့်မှု။

## ဝစီဒုစရိုက် ၄-ပါး

၄။ မုသာဝါဒ = မုသားပြောမှု၊

၅။ ပိသုဏဝါစာ = ချောပစ် ကုန်းတိုက်မှု၊

၆။ ဖရုသဝါစာ = အယုတ်တမာဆဲဆိုမှု၊

၇။ သမ္ဖပ္ပလာပ = ပြိန်ဖျင်းသော စကားကို ပြောဆိုမှု။

## မနောဒုစရိုက် ၃-ပါး

၈။ အဘိဇ္ဈာ = သူတပါး စည်းစိမ်ကို ငါ့အား ဖြစ်လျှင် ကောင်းလေစွဟု မတရားကြံစည်မှု၊

၉။ ဗျာပါဒ = သေကြေ ပျက်စီးလျှင် ကောင်းလေစွဟု သူတပါးကို ပြစ်မှားမှု၊

၁၀။ မိစ္ဆာဒိဋ္ဌိ = အယူမှားမှု (ကံ၊ ကံ၏ အကျိုးကို မယုံကြည်မှု)။

## ဆောင်ပုဒ်လင်္ကာ

၁။ သက်သတ်ခိုးမှု၊ ကာမေသု၊ သုံးခု ကာယကံ။

၂။ လှည့်စား ရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်ကြမ်းလေခြင်း၊ ပြိန်ဖျင်းစကား၊ ပြောဆိုငြား၊ လေးပါး ဝစီကံ။

၃။ သူ့ဥစ္စာမှန်၊ မတရားကြံ၍၊ ဖောက်ပြန် သေကြေ၊ ပျက်စေလိုငြား၊ အယူမှား ၊သုံးပါး မနောကံ။

## သုစရိုက် ၁၀-ပါး

### ကာယ သုစရိုက် ၃-ပါး

၁။ ပါဏာတိပါတ ဝိရတိ = ပါဏာတိပါတမှ ရှောင်ကြဉ်မှု၊

၂။ အဒိန္နာဒါန ဝိရတိ =အဒိန္နာဒါနမှ ရှောင်ကြဉ်မှု၊

၃။ ကာမေသု မိစ္ဆာစာရ ဝိရတိ=ကာမေသု မိစ္ဆာစာရ-မှ ရှောင်ကြဉ်မှု။

### ဝစီသုစရိုက် ၄-ပါး

၄။ မုသာဝါဒ ဝိရတိ = မုသာဝါဒမှ ရှောင်ကြဉ်မှု၊

၅။ ပိသုဏာဝါစာ ဝိရတိ =ပိသုဏာဝါစာမှရှောင်ကြဉ်မှု၊

၆။ ဖရုသဝါစာ ဝိရတိ = ဖရုသဝါစာမှ ရှောင်ကြဉ်မှု၊

၇။ သမ္ဖပ္ပလာပ ဝိရတိ= သမ္ဖပ္ပလာပမှ ရှောင်ကြဉ်မှု။

### မနောသုစရိုက် ၃-ပါး

၈။ အနဘိဇ္ဈာ =အဘိဇ္ဈာကို မပြုကျင့်ခြင်း၊

၉။ အဗျာပါဒ =ဗျာပါဒကို မပြုကျင့်ခြင်း၊

၁၀။ သမ္မာဒိဋ္ဌိ=ကောင်းသော အယူကို ယူခြင်း။

**ဆောင်ပုဒ်။** ။ဒုစရိုက်နှင့်၊ သုစရိုက်ပြိုင်၊ ဤနှစ်ဆိုင်ကို၊ ကိုယ်တိုင်ပြုငြား၊ သူများ ခိုင်းတို့၊ ဂုဏ်ကိုပြောပြ၊ ဝမ်းမြောက်ကြပြန်၊ လေးဆယ်မှန်၊ မြောက်ဟန်သဘောပိုက်။

ဒုစရိုက် ၁၀-ပါးကို ကိုယ်တိုင်ပြုခြင်း၊ သူတပါးကို ခိုင်းခြင်း၊ ဂုဏ်ကိုပြောပြ ချီးမွမ်းခြင်း၊ ဝမ်းမြောက်ခြင်း

အားဖြင့် ၄-နှင့်မြှောက်သော် ဒုစရိုက်-၄၀, သုစရိုက်လည်း ထိုနည်းအတူ ၄၀ ဖြစ်၏။

(ဒုစရိုက် ၁၀-ပါးကို အကုသလကမ္မပထ ၁၀-ပါးဟုလည်း ခေါ်၏။)

(သုစရိုက် ၁၀-ပါးကို ကုသလကမ္မပထ ၁၀-ပါး ဟုလည်း ခေါ်၏။)

## ပုညကြိယာဝတ္ထု ၁၀-ပါး

၁။ ဒါန = စွန့်ကြဲပေးကမ်း လှူဒါန်းမှု၊

၂။ သီလ =ဆိုင်ရာသီလများကို စောင့်ထိန်းမှု၊

၃။ ဘာဝနာ =ဘုရားဂုဏ်တော် စသည်ကို အာရုံပြု နေမှု (ကမ္မဋ္ဌာန်းအားထုတ်နေမှု)၊

၄။ အပစာယန =ရိုသေထိုက်သူကို ရိုသေမှု၊

၅။ ဝေယျာဝစ္စ =သူတပါး၏ ကုသိုလ်ကိစ္စ၌ ကူညီမှု၊

၆။ ပတ္တိဒါန =မိမိကုသိုလ်အဘို့ကို အမျှပေးဝေမှု၊

၇။ ပတ္တာနုမောဒန =သူတပါးက အမျှပေးဝေလျှင် ဝမ်း မြောက် ဝမ်းသာ သာဓုခေါ်မှု၊

၈။ ဓမ္မဿဝန =တရားစကားကို နာထောင်မှု၊

၉။ ဓမ္မဒေသနာ =ပစ္စည်းလာဘ်မငဲ့ဘဲ တရားဟောမှု၊

၁၀။ ဒိဋ္ဌိဇုကမ္မ =အယူကိုဖြောင့်မှန်စွာယူမှု (ကံ,ကံ၏ အကျိုးကို ယုံကြည်မှု)။

ယင်း ၁၀-ပါးကို ကိုယ်တိုင်ပြုခြင်း စသော ၄-မျိုးဖြင့် မြှောက်လျှင် ၄၀-ဖြစ်၏။

ပုဗ္ဗ စေတနာ, မုဉ္စ စေတနာ, အပရ စေတနာ ဟူသော စေတနာ ၃-ပါးဖြင့်မြှောက်လျှင် ပုညကြိယာဝတ္ထု ၃၀ ဖြစ်၏။

## ဆောင်ပုဒ်

၁။ ဒါန သီလာ၊ ဘာဝနာနှင့်၊ အပစာယနာ၊ ရှိသေစွာ၊ ဝေယျာဝစ္စဖြင့်။

၂။ ပတ္တိဒါန၊ အမျှပေးဝေ၊ ခေါ်လေသာဓု၊ ပတ္တာနုမော၊ ဟောလေသမျှ၊ နာယူက၊ ဓမ္မသာဝန၊ နှင့်။

၃။ ကိုယ်တိုင်ဟောပြ၊ ဓမ္မဒေသနာ၊ ဖြောင့်စွာယူမှု၊ ဒိဋ္ဌိဇုကမ်၊ ဤဆယ်တန်၊ မှတ်ရန်အဆင့်ဆင့်။

**မှတ်ချက်။** ။အထက်က အစဉ်အတိုင်း ရထားလျှင် ၎င်း ဆောင်ပုဒ်မရသော်လည်း ပြီးနိုင်၏။

## ဆောင်ပုဒ်အကျဉ်း

ပေး, စောင့်, ပွါး, သော၊ ကူ, ဝေ, ခေါ်, နာ၊ ဟော, ဖြောင့်စွာ၊ ဆယ်ဖြာ ပုည ဝတ္ထုပြ။

## သိင်္ဂါလောဝါဒသုတ် ကောက်နုတ်ချက်
## အဂတိတရား လေးပါး

၁။ ဆန္ဒာဂတိ =ချစ်သောအားဖြင့် မလားအပ်သော အရာသို့ လားခြင်း၊

၂။ ဒေါသာဂတိ=အမျက်အားဖြင့် မလားအပ်သောအရာသို့ လားခြင်း၊

၃။ မောဟာဂတိ =မသိသော အားဖြင့် မလားအပ်သော အရာသို့ လားခြင်း၊

၄။ ဘယာဂတိ =ကြောက်သောအားဖြင့် မလားအပ်သော အရာသို့ လားခြင်း။

## ဆောင်ပုဒ်

၁။ ချစ်သူပေါ်မှာ၊ ခွင့်ရေးသာ၊ ဆန္ဒာဂတိမှတ်။
၂။ မုန်းသူပေါ်မှာ၊ ခွင့်ရေးနာ၊ ဒေါသာဂတိမှတ်။
၃။ ခွင့်ရေးအလာ၊ မလိမ္မာ၊ မောဟာဂတိမှတ်။
၄။ ကြောက်သူပေါ်မှာ၊ ခွင့်ရေးသာ၊ ဘယာဂတိမှတ်။
အဂတိလိုက်စား၊ မကြီးပွါး၊ တရားဂတိ ကြီးပွါး၏။ ဘိ

## ကြည့်ရှုမှတ်သားရန်
## အပြစ်နှင့် အကျိုး

အဂတိလေးပါး လိုက်စား ပြုကျင့်သူအား အခြံအရံ အကျော်အစောသည် လဆုတ်ပက္ခ လကဲ့သို့ တနေ့တခြား ယုတ်ပြား ဆုတ်ယုတ်၏။

အဂတိလေးပါး မလိုက်စားမူ၍ လမ်းမှန်ကျင့်သူအား အခြံအရံ အကျော် အစောသည် လဆန်းပက္ခ ထွန်းသစ်စ လကဲ့သို့ တနေ့တခြား တိုးပွါး ပြည့်ဝ၏။

## အဂတိလိုက်စားပုံ

အများပိုင် ပစ္စည်း (သို့မဟုတ်) ပြည်သူပိုင် ပစ္စည်းများ, အခွင့်အရေးများ ဝေပုံချ၍ ပေးဝေရာ၌ မိမိချစ်သောသူအား ရသင့်သည်ထက် ပိုမိုပေးခြင်းသည် (၁) ဆန္ဒာဂတိ လိုက်စားသည်မည်၏။

မုန်းသူ, ရန်သူအား လျှော့ပေးခြင်း သို့မဟုတ် လုံးဝ မပေးခြင်းသည် (၂) ဒေါသာဂတိ လိုက်စားသည်မည်၏။

စည်းကမ်းဥပဒေကို မကျွမ်းကျင်၍ မညီမမျှ ပေးဝေခြင်းသည် (၃) မောဟာဂတိ လိုက်စားသည်မည်၏။

ကြောက်ရမည့်သူအား (ရန်မူမည်ကို စိုးသောကြောင့်) ပိုလွန်ပေးခြင်းသည် (၄) ဘယာဂတိ လိုက်စားသည်မည်၏။

ဤနည်းကို မှီ၍ အကြီး အကဲလုပ်သူတို့ တရားဆုံးဖြတ်ရာ စသည်တို့၌ အဂတိ လိုက်စားပုံကို သိမှတ်ရာ၏။

### အကြီးအကဲ လုဖ်သူတို့ ကျင့်သုံးရမည့် နာယကဂုဏ် ၆-ပါး

၁။ သည်းခံခြင်း၊ ၂။ နိုးကြားခြင်း၊
၃။ သနားခြင်း၊ ၄။ ထကြွလုံ့ လရှိခြင်း၊
၅။ ပေးကမ်း ဝေဘန်ခြင်း၊ ၆။ ပညာ အမြော်အမြင် အဆင်ခြင် ရှိခြင်း။

ဆောင်ပုဒ်။ ။သည်းခံ နိုးကြား၊ သနား ထကြွ၊ ပေးငှ မြော်ရှု၊ ဤခြောက်ခု၊ ကြီးသူ ဂုဏ်အင်္ဂါ။

### စည်းစိမ်ဥစ္စာ ပျက်စီးခြင်း၏ အကြောင်း ၆-ပါး

၁။ သေအရက်ကို သောက်လေ့ရှိခြင်း။
၂။ ညဥ့်အခါ လမ်းလျှောက်ထွက်သွားလေ့ရှိခြင်း။
၃။ ပွဲလမ်းသဘင် ပျော်ရွှင် သွားလာလေ့ရှိခြင်း။
၄။ ကြွေအန် ဖဲရိုက်စသော လောင်းကစားလေ့ရှိခြင်း။
၅။ သူယုတ်မာတို့နှင့် (အဆွေခင်ပွန်းဖွဲ့၍) ပေါင်းဖော်ခြင်း။
၆။ အမှုလုပ်ခြင်း၌ ပျင်းရိလေ့ရှိခြင်း။

## ဆောင်ပုဒ်

သောက်လေ့သူရာ၊ ညဥ့်ခါလမ်းလျှောက်၊ သွားရောက်ပွဲလမ်း၊ လောင်းတမ်းကစား၊ ပေါင်းမှားသူယုတ်၊ အလုပ်ပျင်းရိ၊ ကျမ်းလာရှိ၊ မှတ်သိခြောက်ပါး ပျက်ကြောင်းများ။

## မပေါင်းသင်းထိုက်သော အဆွေခင်ပွန်းတု အယောင်ဆောင် ၄-ယောက်

၁။ အညဒတ္ထုဟရ=လက်ချည်းလာ၍ သူတပါးဥစ္စာကို ကောန်ဆောင်တတ်သူ။

၂။ ဝစီပရမ = လက်ကမပါ နှုတ်ဖြင့်သာလျှင် ပေးတတ်သောသူ။

၃။ အနုပိယဘာဏီ = မျက်မှောက်၌သာ ချစ်ဘွယ်သောစကားကို ဆိုတတ်သူ။

၄။ အပါယသဟာယ = ဥစ္စာပျက်စီးကြောင်း၌ အပေါင်းအဖော်ဖြစ်သောသူ။

## ဆောင်ပုဒ်

၁။ လက်ချည်းဗလာ၊ အိမ်ရောက်ခါ၊ ဥစ္စာယူမှု ခင်ပွန်းတု။

၂။ အပြောချိုသာ၊ လက်မပါ၊ ဗလာပေးမှု ခင်ပွန်းတု။

၃။ မျက်မှောက်ချစ်ဘွယ်၊ စကားကြွယ်၊ မျက်ကွယ်ပြစ်ရှု ခင်ပွန်းတု။

၄။ ဥစ္စာမြားမြောင်၊ ပျက်စီးအောင်၊ သွေးဆောင်ပေါင်းမှု ခင်ပွန်းတု။

## ပေါင်းသင်းထိုက်သော မိတ်ဆွေကောင်းအစစ် ၄-ယောက်

၁။ ဥပကာရ=ကျေးဇူးပြုတတ်သော အဆွေခင်ပွန်း။

၂။ သမာနသုခဒုက္ခ = မိမိနှင့် ချမ်းသာဆင်းရဲ မကွဲတူမျှ ပြုတတ်သော အဆွေခင်ပွန်း။

၃။ အတ္ထက္ခာယီ = အကျိုးစီးပွါးကို ပြောကြားတတ်သော အဆွေခင်ပွန်း။

၄။ အနုကမ္ပက = အစဉ် စောင့်ရှောက်တတ်သော အဆွေခင်ပွန်း။

## ဆောင်ပုဒ်များ

၁။ ကျေးဇူးပြုတတ်၊ စောင်မ့လတ်၊ ပေါင်းအပ်သင်းချစ် မိတ်ဆွေစစ်။

၂။ ချမ်းသာဆင်းရဲ၊ တူမကွဲ၊ အမြဲပေါင်းချစ် မိတ်ဆွေစစ်။

၃။ အကျိုးစီးပွါး၊ ညွှန်ပြကြား၊ တရားမိန့်လှစ် မိတ်ဆွေစစ်။

၄။ အစဉ်သနား၊စောင့်ရှောက်ထား၊စီးပွါးလိုနှစ်မိတ်ဆွေစစ်။

## ပစ္စည်းဥစ္စာ စုဆောင်းရပုံ

၁။ ဥစ္စာအစု၊ လေးပုံပြု၊ တစု ယူသုံးစား။

၂။ ကုန်သွယ်လယ်လုပ်၊ အရင်းမြှုပ်၊ သိမ်းထုပ် နှစ်စုထား။

၃။ နာဖျားဘေးဒဏ်၊ ကာကွယ်ရန်၊ အကျန် တစုထား။

၄။ စားသုံးရာမှ၊ မြတ်ပုညာ၊ ပြုရ နောင်အလား။

ဘုရားညွှန်ပြ၊ ကျင့်သုံးက၊ ဘောဂ မယုတ်ပွါး။

(အမိပွါယ် ရှင်းပြီ)

## စည်းစိမ်ဂုဏ်သိရ် ပြည့်စုံကြောင်း သမ္ပဒါ ၄-ပါး

၁။ ဥဋ္ဌာနသမ္ပဒါ = ကျွမ်းကျင်သော အသိဉာဏ်နှင့် ထကြွ လုံ့လရှိမှု။

၂။ အာရက္ခသမ္ပဒါ = ရရှိသော ဥစ္စာကို မပျက်ပြားအောင် စောင့်ရှောက်မှု။

၃။ ကလျာဏမိတ္တသမ္ပဒါ=ပညာရှိ သူတော်ကောင်းများနှင့် ပေါင်းဘက်မှု။

၄။ သမဇီဝိတသမ္ပဒါ=အကုန်နှင့် အရ, အဝင်နှင့် အထွက် မျှတအောင် သုံးဆောင်မှု။

### ဆောင်ပုဒ်

လုံ့လကြိုးကုတ်၊ သိမ်းထုပ်ဥစ္စာ၊ ကလျာပေါင်းဘက်၊ ဝင်ထွက်မျှတ၊ ပြည့်စုံက၊ မုချကြီးပွါးကြောင်း။

## ပျက်စီးကြောင်းတရား ၄-ပါး

၁။ မိန်းမလိုက်စား၍ အပျော်အပါးကြူးလွန်ခြင်း။

၂။ သေအရက် ဘိန်းကဇော် ကြူး၍ ယစ်မူး မေ့လျော့ခြင်း။

၃။ အဂလောင်းအစား ကြူးခြင်း။

၄။ မကောင်းသော မိတ်ဆွေများနှင့် ရင်းနှီးစွာ ပေါင်းသင်းခြင်း။

### ဆောင်ပုဒ်

ကာမပျော်ကြူး၊ သေရက်မူးကာ၊ လောင်းကြူးကစား၊ ဂွတ်ပေါင်းမှား၊ ပျက်ပြားဥစ္စာ ကုန်ဆုံးရာ။

## ကြည့်ရှုမှတ်သားရန်

သမ္ပဒါလေးပါးသည် ဝင်ပေါက် လေးခုဖြစ်၍ ပျက်စီးကြောင်းလေးပါးသည် ထွက်ပေါက်လေးခုဖြစ်၏။ ထို့ကြောင့် သမ္ပဒါလေးပါးဖြင့် ရရှိသော စီးပွါးများကို အလွယ်တကူ ထွက်၍ထွက်၍ မသွားရအောင် ပျက်စီးကြောင်း လေးခုကိုလည်း လုံခြုံအောင် ပိတ်ဆို့ထားရာ၏။

## သင်္ဂဟဝတ္ထု ၄-ပါး

၁။ ဒါန=ပေးကမ်းခြင်း။

၂။ ပိယဝဇ္ဇ=ချစ်နှစ်သက်ဘွယ် ပြောဆိုခြင်း။

၃။ အတ္ထစရိယာ = အကျိုးစီးပွါးကို တိုးပွါးအောင် ပြုကျင့်ခြင်း။

၄။ သမာနတ္တတာ=မျှတသော သုခ ဒုက္ခ ရှိစေခြင်း။

## ဆောင်ပုဒ်

ထိုက်စွာ ပေးကမ်း၊ မကြမ်းနူတ်ချို၊ အကျိုးကိုကျင့်၊ ကိုယ်နှင့်တကွ၊ ကောင်းဆိုးမျှသည်၊ သင်္ဂဟလေးပါး၊ ကျင့်တရားကြောင့်၊ နားစောင့်ထိန်းထား၊ လှည်းအလား၊ ရှည်လျားမြဲခိုင်၊ ကောင်းကျိုးလှိုင်။ သင်္ဂဟတရား၊ လေးစားမမူ၊ မကျင့်သူမှာ၊ ချစ်စွာသွေးနီး၊ သားသမီးပင်၊ မခင်မျက်ငြိုး၊ မမြတ်နိုးဘဲ၊ အကျိုးမဲ့ကာ၊ ဆင်းရဲစွာ၏။

## ကြည့်ရှုမှတ်သားရန်

ထိုသင်္ဂဟလေးပါးတို့တွင် မိတ်ဆွေတယောက်၏အပေါ်၌ ထိုလေးမျိုးလုံးဖြင့် ချီးမြှောက်ရမည်ဟု ဟောတော်မူလိုရင်း

မဟုတ်ပါ၊ မိတ်ဆွေ၏ အလိုဆန္ဒသို့ လိုက်၍ ထိုက်သလို ချီးမြှောက်ရမည်ဟု ဟောတော်မူခြင်းဖြစ်ပါသည်။

အချို့သော မိတ်ဆွေသည် ပစ္စည်းမရှိ၊ ထိုမိတ်ဆွေအား ထိုက်တန်သလောက် ပေးကမ်းခြင်းဖြင့်"ဒါန"ဟူသော သင်္ဂဟဝတ္ထုဖြင့် ချီးမြှောက်ရာ၏။

အချို့ကား ပစ္စည်းဥစ္စာရှိပြီးဖြစ်၍ ပစ္စည်းဥစ္စာဖြင့် ချီးမြှောက်ခြင်းထက် တွေ့ဆုံသည့်အခါ ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ခြင်း, ချစ်ခင်ကြင်နာစွာ ပြောဆိုခြင်းကိုသာ အလိုရှိ၏၊ ထိုမိတ်ဆွေအား ချစ်ဘွယ် ပြောဆိုခြင်းတည်းဟူသော "ပိယဝစ္စ"သင်္ဂဟဝတ္ထုဖြင့် ချီးမြှောက်ရာ၏။

အချို့ကား စီးပွါး ဥစ္စာနှင့် ကုသိုလ်ကောင်းမှု တိုးတက်ဘို့ရန် နည်းပေးလမ်းပြ စကားကို နားထောင်လို၏၊ မိမိကိစ္စ၌ ကူညီလုပ်ကိုင်ပေးခြင်းကို လိုလား၏၊ ထိုမိတ်ဆွေအား သူ့အလိုအတိုင်း အကျိုးစီးပွါး ကြီးပွါးကြောင်း ပြုကျင့်ပေးခြင်းတည်းဟူသော "အတ္ထစရိယ"သင်္ဂဟဝတ္ထုဖြင့် ချီးမြှောက်ရာ၏။

အချို့က ရှေးသုံးပါးဖြင့် ချီးမြှောက်ခြင်းထက် တန်းတူထား၍ ပေါင်းသင်းခြင်းကို အလိုရှိ၏၊ ထိုမိတ်ဆွေကို တန်းတူထား၍ ချီးမြှောက်သင့်ရုံမက သူ ဆင်းရဲနေသည့်အခါ မိမိကလည်း စိတ်မချမ်းသာသော အမူအရာကို ပြခြင်း၊ သူချမ်းသာသည့်အခါ မိမိကလည်း ဝမ်းသာသော အမူအရာကို ပြခြင်း တည်းဟူသော "သမာနတ္တတာ"သင်္ဂဟဝတ္ထုဖြင့် ချီးမြှောက်ရာ၏။

ပြဆိုလတ္တံ့သော ကျင့်ဝတ်ခဏ်းများ၌ ဆောင်ပုဒ်လင်္ကာများကို သရုပ်ပြအနေဖြင့် ရေး၍ ၎င်းတို့၏ အောက်နား၌ ကြည့်ရှုမှတ်သားရန် လင်္ကာအဓိပ္ပါယ် ဖော်ပြသော သရုပ်အကျယ်ကို ထပ်၍ ပြပါအံ့။ ယင်းသို့ ပြရာ၌ ဆောင်ပုဒ်လင်္ကာများကိုသာ အရကျက်၍ အဓိပ္ပါယ်ကို ကြည့်ရှု လေ့သာ မှတ်သားကြပါကုန်။

## သားသမီး ကျင့်ဝတ် ၅-ပါး

၁။ ကျွေးမွေးမပျက်၊ ၂။ ဆောင်ရွက်စိမ်၊
၃။ မွေခံထိုက်စေ၊ ၄။ လှူမျှဝေ၍၊
၅။ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဘွယ်သားတို့တာ။

## မိဘကျင့်ဝတ် ၅-ပါး

၁။ **မကောင်း**မြစ်ထာ၊ ၂။ ကောင်းရာညွှန်လတ်၊
၃။ အတတ်သင်စေ၊ ၄။ ပေးဝေနှီးရင်း၊
၅။ ထိမ်းမြားခြင်းလျှင်၊ ဝတ်ငါးအင်၊ ဘခင်မယ်တို့တာ။

## တပည့်ကျင့်ဝတ် ၅-ပါး

၁။ **ဆည်း**ကပ် ခ-ယ၊ ၂။ ဆိုးမနာယူ၊
၃။ လာမူကြိုဆီး၊ ၄။ ထံနီးလုပ်ကျွေး၊
၅။ သင်တွေး အံရွတ်၊ တပည့်ဝတ်၊ မချွတ် ငါးခုသာ။

## ဆရာကျင့်ဝတ် ၅-ပါး

၁။ အတတ်လည်း သင်၊ ၂။ ပွဲပြင်ဆုံးမ၊
၃။ သိပ္ပမချန်၊ ၄။ ဘေးရန်ဆီးကာ၊
၅။ သင့်ရာအပ်ပို့၊ ဆရာတို့၊ ကျင့်ဘို့ ဝတ်ငါးဖြာ။

## လင်ကျင့်ဝတ် ၅-ပါး

၁။ မထိမဲ့ကင်း၊ ၂။ အပ်နှင်းဥစ္စာ၊
၃။ မိစ္ဆာမမှား၊ ၄။ ဝတ်စားဆင်ယင်၊
၅။ မြတ်နိုးကြင်၊ ငါးအင် လင်ကျင့်ရာ။

## မယားကျင့်ဝတ် ၅-ပါး

၁။ အိမ်တွင်းမှုလုပ်၊ ၂။ သိမ်းထုပ်သေချာ၊
၃။ မိစ္ဆာကြဉ်ရှောင်၊ ၄။ လျော်အောင်ဖြန့်ချိ၊
၅။ ပျင်းရိမမူ၊ ဝတ်ငါးဆူ၊ အိမ်သူကျင့်အပ်စွာ။

## မိတ်ဆွေကျင့်ဝတ် ၅-ပါး

၁။ ပေးကမ်း ချီးမြှင့်၊ ၂။ ကိုယ်နှင့်ယှဉ်ထား၊
၃။ စီးပွါးဆောင်ရွက်၊ ၄။ နှုတ်မြွက် ချိုသာ၊
၅။ သစ္စာမှန်စေ၊ ဝတ်ငါးတွေ၊ ကျင့်လေမိတ်သဟာ။

## သခင်ကျင့်ဝတ် ၅-ပါး

၁။ ဝတ္ထာကျွေးမွေး၊ ၂။ မှုရေးစီရင်၊
၃။ နာလျှင်ကုစေ၊ ၄။ ၄ဝေရသာ၊
၅။ အခါကိုလွှတ်၊ အရှင့်ဝတ်၊ မချွတ်ငါးခုသာ။

## ကျွန်ကျင့်ဝတ် ၅-ပါး

၁။ အိပ်သော်နောက်ကျ၊ ၂။ ထသော်ကားရှေး၊
၃။ ပေးမှ ယူအပ်၊ ၄။ စေ့စပ်ဆောင်ရွက်၊
၅။ ကျေးဇူးမြွက်၊ ငါးချက် ကျွန်ကျင့်ရာ။

## ဒါယကာကျင့်ဝတ် ၅-ပါး

၁။ မေတ္တာစိတ်သက်၊ ၂။ ဆောင်ရွက်ချစ်ကြင်၊
၃။ ခင်မင်နှုတ်ချို၊ ၄။ လိုလျှင်ဘိတ်ထား၊
၅။ တတ်အားလှူစေ၊ ဝတ်ငါးထွေ၊ ကျင့်လေဒါယကာ။

## ရဟန်းကျင့်ဝတ် ၆-ပါး

၁။ မကောင်းမြစ်ထာ၊ ၂။ ကောင်းရာညွှန်လစ်၊
၃။ အသစ်ဟောကြား၊ ၄။ နာဘူးထပ်မံ၊
၅။ နတ်ထံဘင်ရာ၊ ၆။ မေတ္တာလည်းပြု၊
ရဟန်းမှု၊ ခြောက်ခုလွှန်သချာ။

ငင်းနှစ်ပါး အခိပ္ပါယ်ပေါ်လွင်ပြီ၊ သို့ရာတွင် သချပ်ရေး သောအခါ လက်ာကို သရုပ်လုပ်၍ ရေးသည့်အတိုင်း မရေးမူ

၍ အဓိပ္ပါယ်ရသောစကားတို့ဖြင့် ဖြည့်စွက်ပြောင်းလဲ၍ ရေးရန်ဖြစ်၏။ သရုပ်ကျယ်နှင့်တွဲ၍ပြသော ကျင့်ဝတ်နှင့် ဆောင်ပုဒ် လင်္ကာတွဲ၍ပြသော အရာဟူသမျှတို့၌ စကားလုံးထပ်တူကျမှုမဟုတ်၊ လင်္ကာကို အရကျက်၍ လင်္ကာ၏ အဓိပ္ပါယ်ကို ကြံဆ ပြီးလျှင် အဓိပ္ပါယ်ရသော စကားတို့ဖြင့် ရေးသားလျှင် အဖြေမှန် ဖြစ်နိုင်ပါသည်။

ဤသင်တန်းစာများကို ခေတ်ပညာသင် ကျောင်းသား, ကျောင်းသူများအား ကျောင်းပိတ်ရက်များ၌ မနှေးမမြန် မှန်မှန် သင်ကြားပါလျက် ကျင့်ဝတ်များ သင်ကြားရန်အချိန် မရစေကာမူ ကျင့်ဝတ်မေးခွန်းအပြင် အခြားသောမေးခွန်းများမှ အောင်မှတ်ပြည့်ရအောင် စီစဉ်ထားပါလိမ့်မည်။

## တရားဂုဏ်တော် ၆-ပါး အနက်

၁။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ဓမ္မက္ခန်ဟု ဆယ်တန်သော တရားတော်ကို။ သွာက္ခာတော၊ ကောင်းစွာ ဟောတော် မူ[redacted]ပါပေ၏။

၂။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော တရားတော်သည်။ သန္ဒိဋ္ဌိကော၊ ကိုယ်တိုင်သိမြင်ထိုက်ပါပေ၏။

၃။ ဓမ္မော၊ မဂ်လေးပါး တရားတော်သည်။ အကာလိကော၊ အခါမလင့် အခြားမဲ့၌ အကျိုးကို ပေးတော်မူတတ်ပါပေ၏။

၄။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော တရားတော်သည်။ ဧဟိပဿိကော၊ စင်ကြယ်ထင်ရှား ရှိသည်များကြောင့် လာလှည့်ရှုလှည့်ဟု ခေါ်ပြဘို့ရန် ထိုက်တန်တော် မူပါပေ၏။

၅။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော တရားတော်သည်။ ဩပနေယျိကော၊ မိမိစိတ်သို့ကပ်၍ ကျင့်ဆောင်ခြင်းငှါ ထိုက်တော်မူပါပေ၏။

၆။ ဓမ္မော၊ မဂ်ဖိုလ်နိဗ္ဗာန် ကိုးတန်သော တရားတော်မြတ်ကို။ ဝိညူဟိ၊ အရိယာ ပညာရှိတို့သည်။ ပစ္စတ္တံ ဝေဒိ-တဗ္ဗော၊ ကိုယ်စီကိုယ်ငှ သိအပ် ခံစားအပ်ပါပေ၏။

ဣတိ၊ ဤသို့။ ဆဂုဏေဟိ၊ ခြောက်ပါးသော ဂုဏ်တော်တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ ဓမ္မံ၊ တရားတော်မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

## သံဃဂုဏ်တော် ၉-ပါးအနက်

၁။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သုပ္ပဋိပန္နော၊ ကောင်းစွာ ကျင့်တော်မူတတ်ပါပေ၏။

၂။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဥဇုပ္ပဋိပန္နော၊ ဖြောင့်စွာ ကျင့်တော်မူတတ်ပါပေ၏။

၃။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ ဉာယပ္ပဋိပန္နော၊ နိဗ္ဗာန်အလို့ငှါ ကျင့်တော်မူတတ်ပါပေ၏။

၄။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သာဝကသံဃော၊ တပည့်သား သံဃာတော်သည်။ သာမီစိပ္ပဋိပန္နော၊ လူတို့ပူဇော် ရှိသေမှုနှင့် လျော်အောင် ကျင့်တော်မူတတ်ပါပေ၏။

စတ္တာရီ၊ မဂ်ဖိုလ်နှစ်ပါး အစုံအားဖြင့် လေးပါး+လေးပါး ကုန်သော။ ယဒိဒံ ပုရိသယုဂါနိ၊ အကြင် ယောကျ်ားအစုံတို့သည်။ အဋ္ဌပုရိသပုဂ္ဂလာ၊ ရှစ်ယောက်သီးခြား ယောကျ်ားမြတ်တို့ပေတည်း။

၅။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ သော သာဝကသံဃော၊ အစုံလေးပါး သီးခြား ရှစ်ဘော် ဤ အရိယာသံဃာတော်အပေါင်းသည်။ အာဟုနေယျော၊ အဝေးမှ ယူဆောင်၍ ပူဇော်အပ်သော ပစ္စည်းရပ်ကို ခံတော်မူထိုက်ပါပေ၏။

၆။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ သော သာဝကသံဃော၊ အစုံလေးပါး(လ)သည်။ ပါဟုနေယျော၊ ဧည့်သည်တို့အား ရည်ရွယ်၍ ထားအပ်သော ပစ္စည်းရပ်ကို ခံတော်မူထိုက်ပါပေ၏။

၇။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ သော သာဝကသံဃော၊ အစုံလေးပါး ( လ ) သည်။ ဒက္ခိဏေယျော၊ တမလွန်ကို ရည်သန်လှူအပ် ပစ္စည်းရပ်ကို အလှူခံခြင်းငှါ ထိုက်တော်မူပါပေ၏။

၈။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ သော သာဝကသံဃော၊ အစုံလေးပါး (လ)သည်။ အဉ္ဇလိကရဏီယော၊ ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးခြင်းကိုလည်း ထိုက်တော်မူပါပေ၏။

၉။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဧသ သော သာဝကသံဃော၊ အစုံလေးပါး သီးခြား ရှစ်ဘော် အရိယာ သံဃာ

တော်အပေါင်းသည်။ လောကသား၊ လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်း၏။ အနုတ္တရ၊ အတုမရှိသော။ ပုညက္ခေတ္တံ၊ ကောင်းမှု မျိုးစေ့တို့၏ စိုက်ပျိုးကြဲချရာ လယ်မြေကောင်း သဘွယ် ဖြစ်တော်မူပါပေ၏။

ဣတိ၊ ဤသို့။ နဝဂုဏေဟိ၊ ကိုးပါးသော ဂုဏ်တော် တို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံတော်မူသော။ သံဃံ၊ သံဃာတော် မြတ်ကို။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

**မှတ်သားချက်။** ။ပြဆိုအပ်ပြီးသော ဂုဏ်တော်အနက်များ သည် ပါဠိစေ့ငုအောင် အနက်ယောဇနာ သောနည်းဖြစ်သည်၊ ထိုမှတပါး ပါဠိစေ့ငုအောင် အနက် ယောဇနာခြင်း မပြုမူ၍ ဂုဏ်တော်သပ္ပြိုင်း အဓိပ္ပါယ် ပေါ်လွင်ရန် မိုးနံကုန်း ဆရာတော် ဖွဲ့ခဲ့သော ဂုဏ်တော် အနက်များကို ထည့်သွင်း၍ ပြဦးအံ့၊ (ရင်းနည်း ပဌမဆင့်မှူ၌ ပြခဲ့ပြီ၊ ပြန်လှန် လေ့လာ မှတ်သားကြပါကုန်။)

အရဆောင်သူများ မိမိတို့အလိုရှိရာ တမျိုးမျိုးကိုသာ လျှင် ဆောင်ရန် ဖြစ်ပါသည်။

ပြဆိုခဲ့သော ကျင့်ဝတ်လင်္ကာများ၏ အဓိပ္ပါယ်ကို အစဉ် အတိုင်း ကြည့်ရှုမှတ်သားရန်။

## သားသမီးကျင့်ဝတ် ၅-ပါး

၁။ မိဘတို့ကို (ကျေးဇူးတုံ့ပြန်သောအားဖြင့်)ပြုစု လုပ်ကျွေးရခြင်း။

၂။ မိဘတို့၏ကိစ္စကို (မိမိကိစ္စထက် ဦးစားပေး၍) စီမံဆောင်ရွက်ရခြင်း။

၃။ မိဘတို့၏အဆုံးအမကို လိုက်နာသောအားဖြင့် အမွေခံထိုက်အောင် ကျင့်ရခြင်း။

၄။ သေလွန်သော မိဘတို့အား အလှူပေး၍ အမျှဝေရခြင်း။

၅။ မိဘတို့၏ အမျိုးအနွယ် တည်မြဲအောင် စောင့်ရခြင်း။

## မိဘကျင့်ဝတ် ၅-ပါး

၁။ မကောင်းမှုပြုခြင်းမှ တားမြစ်ပေးရခြင်း။

၂။ ကောင်းမှုပြုဘို့ တိုက်တွန်းညွှန်ကြားရခြင်း။

၃။ အတတ်ပညာသင်ကြားရန် စီမံစေခိုင်းရခြင်း။

၄။ ရင်နှီးဥစ္စာကို ပေးဝေဆောင်နှင်းရခြင်း။

၅။ လျောက်ပတ်သော သားသမီးနှင့် ထိမ်းမြားပေးရခြင်း။

## တပည့်ကျင့်ဝတ် ၅-ပါး

၁။ တနေ့ သုံးကြိမ် ဆည်းကပ်ရခြင်း။

၂။ ဆုံးမစကားကို ယုံကြည်စွာ လိုက်နာရခြင်း။

၃။ ဆရာလာသည်ကို မြင်လျှင် နေရာမှထ၍ ခရီးဦး ကြို ဆိုရခြင်း။

၄။ ဆရာအနိုး၌ ရိုသေစွာ လုပ်ကျွေးရခြင်း။

၅။ သင်ပေးသော အတတ်ပညာကို ရိုသေစွာ ဓတ္တေး ကြံ မှတ်ယူရခြင်း။

## ဆရာကျင့်ဝတ် ၅-ပါး

၁။ အတတ်ပညာကို ကောင်းစွာ သင်ပြပေးရခြင်း။

၂။ ယဉ်ကျေးမှုရှိအောင် ဆုံးမပဲ့ပြင်ရခြင်း။

၃။ အတတ်ပညာကို ချန်မထားဘဲ သင်ပေးရခြင်း။

၄။ ဘေးအန္တရာယ် ကာကွယ်ရန် ပရိတ်,မန္တန် စသည်ကို သင်ပေးရခြင်း။

၅။ တတ်မြောက် လိမ္မာသောအခါ [illegible] [မိဘဆွေမျိုးတို့အား] အပ်နှင်းရခြင်း။

## လင်ကျင့်ဝတ် ၅-ပါး

၁။ မိမိမယားအား မထီမဲ့မြင် ယုတ်မာသော စကားကို မဆိုရခြင်း။

၂။ စည်းစိမ်ဥစ္စာကို အလိုရှိတိုင်း စီစဉ်ရန် အပ်နှင်းရခြင်း။

၃။ မိန်းမတပါးသို့ (မယားက သဘောမတူလျှင်) လွန်ကျူး၍ မသွားရခြင်း။

၄။ ဆင်မြန်းစရာ အသုံးအဆောင်တန်းဆာကို ပေးရခြင်း။

၅။ မြတ်နိုးတွယ်တာ ချီးမြှောက်သော စကားဖြင့် ခေါ်ဝေါ်ရခြင်း။

မယားကျင့်ဝတ် ၅-ပါး

၁။ အိမ်တွင်းမှု ကိစ္စကြီးငယ်ကို ကောင်းစွာ ပြုလုပ်စီရင်ရခြင်း။

၂။ လင်က ရှာကြံဆောင်နှင်းသော ဥစ္စာကို သေချာစွာ သိမ်းထုပ်ထားရခြင်း။

၃။ ယောကျ်ားတပါးကို လွန်ကျူး၍ မကျင့်ရခြင်း။

၄။ လင့်အမျိုး၊ မိမိအမျိုးကို လျော်အောင် ချီးမြှောက်ရခြင်း။

၅။ ကိစ္စအားလုံးတို့၌ လိမ္မာ၍ မပျင်းမရိ ရှိရခြင်း။

မိတ်ဆွေကျင့်ဝတ် ၅-ပါး

၁။ မိမိမိတ်ဆွေအား ချီးမြှင့် ပေးကမ်းရခြင်း။

၂။ မိမိကိုယ်နှင့်အတူ ပြုရခြင်း။

၃။ အကျိုးစီးပွါးကို ဆောင်ရွက်ရခြင်း။

၄။ ချစ်ဘွယ်စကားကို ပြောဆိုရခြင်း။

၅။ မချွတ်မယွင်း မှန်ကန်ရခြင်း။

သခင်ကျင့်ဝတ် ၅-ပါး

၁။ ထမင်း ရိက္ခာ ဝအောင် ကျွေးရခြင်း။

၂။ မှုရေးကိစ္စကို စီရင်ရခြင်း။

၃။ ဖျားနာသည်ရှိသော် ကုသပြုစုလုပ်ကျွေးရခြင်း။

၄။ ကောင်းသောအရသာတို့ကို ခွဲဝေပေးရခြင်း။

၅။ ပွဲလမ်းသဘင် ရှိခသောအခါ အပန်းဖြေ လွှတ်ပေးရခြင်း။

ကျွန်ကျင့်ဝတ် ၅-ပါး

၁။ အရှင်အိပ်သည်မှ နောက်၌ အိပ်ရခြင်း။

၂။ အရှင် မထမီ ရှေးဦးစွာ ထရခြင်း။

၃။ ပေးသည်ကိုသာ ယူရခြင်း။

၄။ အမှုကိစ္စတို့ကို စေ့စပ်စွာ ဆောင်ရွက်ရခြင်း။

၅။ အရှင်၏ ကျေးဇူးကို မြွက်ဆိုရခြင်း။

**ဒါယကာကျင့်ဝတ် ၅-ပါးနှင့် ရဟန်းကျင့်ဝတ် ၆-ပါးတို့၏ အဓိပ္ပါယ် ပေါ်လွင်ပြီ၊ သို့ရာတွင် သရုပ်ရေးသောအခါလက်ာ**

ဖြင့် ပြသော သရုပ်စကားများကို အဓိပ္ပါယ်ရသော စကား တို့ဖြင့် ထိုက်သင့်သလို ဖြည့်စွက်ပြောင်းလဲ၍ ရေးရန်ဖြစ်၏။

အဓိပ္ပါယ်သိရှိရန် သရုပ်အကျယ်ပြရာ၌ သရုပ်အကျယ် ပြပုံ စကားလုံးများနှင့် ထပ်တူကျမှုမဟုတ်၊ အဓိပ္ပါယ်ရသော စကားတို့ဖြင့် ရေးသားလျှင် အဖြေမှန် ရနိုင်ပါသည်။

ဒုတိယအခင်း ပြီး၏။

ပ-မ·သ-ဝ—၉၀၄-၃၀·၁၂·၇၆—၅၀၀၀